# မြပုလဲစင်

## ချစ်ပရိယာယ်



# အပိုင်း ( ၁ )

## အခန်း ( ၁ )

ဂွမ်းဆိုင်ဂွမ်းမွှားများ အကြား လွင့်မျောလိုက်ပါနေသော မိုးသည် ငြိမ်ငြိမ်နှင့် လှိုင်းစီးသကဲ့သို့ ခံစားနေရသည် ။

ပင်လယ်သမုဒ္ဒရာ၌ ရေလှိုင်းစီးနင်း လိုက်ပါနေခြင်းနှင့် ရေပြင်၌ လှိုင်းစီးခြင်း မဟုတ်သည် က သေချာသည် ။ အဘယ်ကြောင့် ဆိုသော် တိမ်တောင်တိမ်လိပ်၊ တိမ်မျှင်၊ တိမ်လွှာများ အကြား ရွေ့လျားနေခြင်း ဖြစ်ခြင်းကြောင့် လေလှိုင်းစီးနေခြင်းသာ ဖြစ်နိုင်သည် ။

ခန္ဓာကိုယ်သည် လေဟာနယ်၌ ရောက်နေသည် ထင့်၊ တွယ်ရာမဲ့၊ ထိန်းချုပ်မှုမဲ့စွာ လွင့်ပါနေခြင်း ရှိသည် ကို မိုး သတိပြုမိလာသည် ။

သို့နှင့် မိမိခန္ဓာကိုယ်ကို မိမိထိန်းချုပ်ရန် မိုး ကြိုးစားရသည် ။ ကြိုးစားရင်း မူးဝေလာသည် ။ ခေါင်းသည် လည်း လှုပ်ရှား၍ မရ။ ခြေထောက်ကိုလည်း လွင့်မျောမှုနောက် မလိုက်ပါစေရန် ကြိုးစားရပ်တည်ကြည့်သည် ။ မရ။

မိုး ဘာဖြစ်နေသနည်း။ မိုး မျက်နှာပေါ်၌ အလွန်အမင်း လေးလံစွာ ဖုံးအုပ်ထားသော မျက်ခွံတံခါး တွန်းဖွင့်ရန် ကြိုးစားကြည့်သည် ၊ မရပြန်ချေ။

မိုး နှာခေါင်းထဲ၌ ခိုးလိုးခိုးလု ရှိနေသောအရာကို ဆွဲထုတ်ရန် အားယူသည် ။ မရပြန်ချေ။ မိုး လက်တို့ သည် မြှောက်၍ ၊ လှုပ်ရှား၍ မရအောင် လေးလံနေသည် ။

မိုး တစ်ခုခုတော့ ဖြစ်နေသည် ။ မိုး ဘာတွေဖြစ်၍ ဘယ်ရောက်နေသနည်း ဆိုသည် ကို မိုးသိချင်လာသည် ။

ဟင်.... လွင့်ပါးနေသော တိမ်တောင် တိမ်တိုက်တို့ လည်း မရှိတော့ပါလား။ လေဟာနယ်မှ မိုးသည် လေထုဖိအားများ လွန်းသော နယ်ပယ်သို့ ရောက်လာပြန်သည် ထင်သည် ။

မိုး တစ်ကိုယ်လုံးကို လေးလံတင်းကျပ်မှုကြီးက ချုပ်နှောင်ဖမ်းဆီးထားသည် ။

'ဟင်း.... ဟင်း.... ဟင်း'

ဘာမှ မသိသော နယ်ပယ်များမှ မိုး လွတ်မြောက်ချင် လာပြီ။ ထို့ကြောင့် မိုး ကယ်တင်ရှင်ကို တမ်းတရန် အားယူလိုက်သည် ။

လေးလံနေသော ခန္ဓာကိုယ် အစိတ်အပိုင်းများ အနက် နှုတ်ခမ်းနှစ်လွှာသည် သာ မိုးအား ပထမဦးဆုံး အကူအညီပေးလိမ့်မည်ဟု မိုးယုံကြည်မိသည် ။ ထို့ကြောင့် ကယ်တင်ရှင်ကို တမ်းတဟစ်အော်ရန် မိုးအားယူလိုက်ပြန်သည် ။

'ဟင်း.... ဟင်း.... ဟင်း'

******

# အခန်း ( ၂ )

'ဟော'

မသူ၏ မျက်ဝန်းလေး လင်းလက်သွားပြီး၊ တစ်ဆက်တည်းဆိုသကဲ့သို့ အံ့သြဝမ်းသာမှု အာမေဋိတ်ကလေးက ဖုံးဖိ၍ မရနိုင် ထွက်ပေါ်သွားသည် ။

မေ့ဆေးမပြယ့်တပြယ် မိုးကို ဂရုစိုက်စောင့်ကြည့်နေရသော မသူသည် စက္ကန့်နှင့် အမျှ ပင်ပန်းကြီးစွာ ဖြစ်မိသည် ။ ထိုသို့ ဖြစ်ရခြင်းသည် စိုးရိမ်စိတ်က လွှမ်းကဲနေခြင်းကြောင့် ဖြစ်သည် ။

မိုး၏ နှာခေါင်းတွင် တပ်ထားသောပိုက် မပြုတ်ရေး၊ လက်တွင် တပ်ထားသော ဒရစ်ပိုက်မပြုတ်ရေး စသည် တို့ အတွက် မသူ မိုးကို အထူးဂရုစိုက်နေရသည် ။

ဂရုစိုက်မှုက အခြားလူနာများ ထက် ပိုမိုသည် ။ တယုတယကြင်ကြင်နာနာ ရှိခြင်းတို့ က မိုးအပေါ်များ ပိုမိုနေသလားဟု မသူ မိမိကိုယ်မိမိ တွေးလိုက်မိသည် ။

ဒရစ်သွင်းထားသော မိုး လက်ကလေး တဆတ်ဆတ်တုန်လာသည့် အခါ ထိုလက်ကလေး ရှန်းမကွဲသွာစေရေးအတွက် မိုး လက်ကလေးကို ဖွဖွကလေးဖိထားပေးရသည် ။ ထိုမျှမက....

ဒရစ်မသွင်းထားသောလက်မှ နှာခေါင်းတွင် တပ်ထားသောပိုက်ကို

ရမ်းယောင်ကာ ဆွဲဖြုတ်မှာ စိုးပြန်သဖြင့် ထိုလက် လှုပ်ရှားမှု ရှိမရှိကို လည်း မျက်ခြည်မပြတ် ကြည့်ရသေးသည် ။ ထိုသို့ ဂရုတစိုက် ရှိနေသ ည့် ကြားမှ ....

မိုး၏ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေမိသည့် အခါလည်း ရှိသေး သည် ။ ထိုစဉ်....

မိုး၏ မျက်နှာပြင်မှ နာကျင်မှု ဝေဒနာ အကြောင်းများ ပေါ်လာသည် ကို မြင်လိုက်ရသည် နှင့် မသူ၏ ရင်၌ နာကျင်လာသည် ။

မနေ့က အူအတက်ရောင် ဝေဒနာကို အပြင်းအထန် အလူးအလိမ့် ခံ စားရင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အရေးပေါ်ပြင်ပလူနာ ဆေးခန်း သို့ ရောက်ရှိလာသော မိုး ကို ဆေးရုံတင်လိုက်ရသည် ။

ယနေ့ မိုး၏ အူအတက်ကို ခွဲစိတ်ကုသမှု ပြုလိုက်သည် ။

မိုးကို ခွဲစိတ်ခန်းမှ ထုတ်လာခြင်း၊ လူနာတင် လက်တွန်းလှည်းလေး ပေါ်မှ မိုးသည် မသူတာဝန်ကျရာ ခွဲစိတ်ဆောင်၏ အတွင်းလူနာ ဖြစ်သွားခဲ့သည် ။

မိုး၏ အဖော်ဦးလေးကြီးနှင့် အတူ ဆေးရုံအလုပ်သမား၊ သူနာပြုဆ ရာတစ်ဦး၏ အကူအညီတို့ ဖြင့် မိုးကို လက်တွန်းလှည်းပေါ်မှ တစ်ဆင့် ကုတင်ပေါ်ရွှေ့ နေရာချထားပြီးကတည်းက မိုးကို မသူ စောင့်ကြည့်နေ ခဲ့သည် ။ အဖော်ဦးလေးကြီးကိုပင် အိမ်ပြန် ရေမိုးချိုးခိုင်းပြီး လိုအပ်သ ည် တို့ ကို ယူဆောင်ခိုင်းလိုက်ရသည် ။ ထို့ကြောင့် မိုးအပါးတွင် မသူ တစ်ယောက်တည်းသာ-

ကံကြမ္မာက မိုးအား မသူထံသို့ တွန်းပို့လိုက်ခြင်းသည် မသူအတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားကို မသူ မသိနိုင်ပြီ။

မသူ မိုးထံမှ ဘာကိုမှ မျှော်လင့်ချက် မထားတော့ပါ။ ခဲမှန်ဖူးသော စာသူငယ်နှယ် မသူသည် စိုးစိတ်တတ်နေလေပြီ။

မည်သို့ဆိုစေကာမူ မိုးတစ်ယောက် ကျန်းမာဖို့ ကိုတော့ မသူ အမျှော်လင့်ကြီး မျှော်လင့်စောင့်စား နေမိသည် ။

ရသမျှ ဘုရားစာများကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း မိုး ခံစားနေရသော ရောဂါဝေဒနာများ လည်း ပျောက်ကင်းချမ်းသာသွားပါစေဟု ဆုတောင်းနေမိပြန်သည် ။

'အဟင်း.... ဟင်း၊ ဟင်း'

မိုးထံမှ ညည်းညူသံ ထွက်ပေါ်လာသည် နှင့် မသူမျက်နှာလေး ဝင်းပကြည်လင်သွားရပြီး-

'ဟော'ဟူသော အာမေဍိတ်ကလေးနှင့် အတူ မိုး မျက်နှာကိုပါ မျက်တောင်မခတ်တမ်း ကြည့်နေမိသည် ။

******

# အခန်း ( ၃ )

သတိရခြင်း တစ်ဝက်ဖြင့် မေ့ဆေးမပြယ့်တပြယ် အချိန်၌ မိုးသည် လက်ရှိအနေအထားကို သတိပြုမူလိုက်မိသည် ။

သူသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ် လူနာအဖြစ် ရောက်ရှိခဲ့သည် ။

ခွဲစိတ်ပြီးပြီ ထင်ပါသည် ။

လေးလံနေသော မျက်ခွံတံခါးကို တွန်းဖွင့်ကြည့်၍ မရသည့် အဆုံး၌ လက်လျှော့ကာ အားယူရင်း သူသည် အတိတ်လွင်ပြင်သို့ ပြန်လည် ကြည့်ရှုနေလိုက်သည် ။

မိုးဟု သူ့ကိုယ်သူ နာမ်စားသုံးကာ မိဘဆွေမျိုး ညီအစ်ကို မောင်နှမများကို ပြောတတ်သော မိုးဟိန်းသည် ဆယ်တန်းအောင်ပြီးကတည်းက သဘော်သားဘဝဖြင့် ခုနစ်နှစ်၊ ခုနစ်မိုး ကျော်လွန်ကာ ရှစ်နှစ်ရေခြားမြေခြားတွင် နိုင်ငံတကာ လှည့်လည်ကာ ပင်ပင်ပန်းပန်း အလုပ် ,လုပ်ခဲ့ပြီးနောက် 'ဒေါ်လာ'ထုပ်ကို ပိုက်ကာ အမိပြန်မာပြည်သို့ ပြန်လာခဲ့သည် ။

မိုးဖခင်မှာ နိုင်ငံ့ဝန်ထမ်း အစိုးရ အရာရှိကြီးတစ်ဦးဖြစ်သည် ။ စစ်ကိုင်းမြို့တွင် အမှုထမ်းနေသည် ။

မိခင်ကလည်း ယောင်နောက်ဆံထုံးပါစမြဲဟူသော ထုံးစံအရ ဖခင်နှ

င့် အတူတကွ လိုက်ပါနေထိုင်လေသည်။

မိုး၌ မွေးခြင်းနှစ်ယောက်သာ ရှိသည်။ မိုး၏ အမေမှာ ခင်ပွန်းဖြစ်သူ တာဝန်ထမ်းဆောင်ရာ တောင်ကြီးမြို့သို့ ရောက်နေသည်။

ရန်ကုန်ကျောက်ကုန်းရှိ သူတို့ ၏ အိမ်ကို အိမ်စောင့်အဘိုးကြီး တစ်ဦးသာ ထားရစ်ခဲ့ရသည်။

မိုးက မိဘများ အံ့သြသွားစေရန်အတွက် အကြောင်းမကြားဘဲ ရန်ကုန်သို့ ဗြုန်းခနဲ ရောက်ရှိလာခြင်း ဖြစ်သည်။

ရန်ကုန်ရောက်မှ မိဘများ ထံသို့ ဖုန်းဆက် အသိပေးအကြောင်းကြားလိုက်သည်။

‘ဟဲလို’

‘မေမေလား’

‘ဟယ်.... မိုး၊ မိုး’

‘သား အခုပဲ ပြန်ရောက်တယ် မေမေ’

‘ဟုတ်လား.... မိုး.... မိုးက’

ဝမ်းသာလုံးဆို့နင့်သွားဟန်တူသော မိခင်က ငိုသံပါနှင့် အသံတိမ်ဝင်သွားခဲ့သည် ကို မိုး ပြန်ပြောင်းသတိရမိပြန်တော့ ယခုလို ဝေဒနာခံစားနေရချိန်၌ မိခင်ကို အနား၌ ရှိစေချင်သည်။

‘ဖေဖေကော.... မေမေ’

‘ရုံးသွားတယ်လေသား’

‘မေမေတို့ နေကောင်းကြရဲ့ လား’

‘ကောင်းပါတယ်၊ ဒါထက် မိုးက ပြန်လာမယ်ဆိုတာ မေမေတို့ ကို ဘာဖြစ်လို့ အကြောင်းမကြားသလဲ’

‘မေမေတို့ အံ့ဩဝမ်းသာသွားရအောင်လေ’

‘ဟုတ်ပ.... ဟုတ်ပ အံ့ဩဝမ်းသာရပါတယ်တဲ့ ကိုရွှေမိုးရယ် ကဲ.... မေမေ သားကို တွေ့ချင် လာပြီ ချက်ချင်းလာခဲ့မယ်’

‘မလာနဲ့ မေမေ’

‘ဟင်.... ဘာဖြစ်လို့ လဲ’

‘ဘာဖြစ်လို့ လဲဆိုတော့ နှစ်ရက် သုံးရက်နေရင် မိုး မေမေတို့ ဆီ လာခဲ့မှာ မို့လို့ ’

‘ဟုတ်လား.... ကောင်းတယ်၊ လာခဲ့ မိုး၊ ဒါထက် မိုး ဘယ်တော့ပြန် ထွက်မှာ လဲ မထွက်နဲ့ တော့ပါ သားရယ်’

‘ဟင်း.... ချက်ချင်းတော့ ပြန်မထွက်သေးပါဘူး။ ဘာဖြစ်လို့ လဲသိ လား မေမေ’

‘မိန်းမ ယူမလို့ လား’

‘ မဟုတ်ဘူး .... မေ့ကိုလွမ်းလို့ ’

‘အမယ်.... ကောင်းရှုပ်ကလေး၊ ခုမှ အချွဲတတ်မနေနဲ့ ရှစ်နှစ်ကြီးများ တောင် မိဘကို ပစ်သွားလိုက်တာ’

‘ခု.... မိုးပြန် လာပြီပဲ မေရာ၊ ဝမ်းမသာဘူးလားဟင်’

‘ဆယ်သိန်းထီပေါက်တာထက်တောင် ဝမ်းသာသေးတယ်၊ မိုးနဲ့ တွေ့ချင်ပြီ၊ မိုး တကယ်လာမှာ လား’

‘ဟောဗျာ.... မေမေက မိုးကိုမယုံလို့ လား၊ မိဘတွေ့ချင်လို့ မြန်မာပြ

ည်တောင် ပြန်ရောက် လာပြီးမှ ၊ မေမေတို့ ရှိရာကို လာမတွေ့ဘဲ နေပ့ါမလားလို့ ’

‘ဒါဖြင့် မြန်မြန်လာနော်’

‘စိတ်ချပါ မေမေရဲ့ ၊ ဒါထက် မမကော’

‘တောင်ကြီးမှာ ပဲလေသား၊ အဲ.... မင်းအတွက်တောင် နောက်ထပ်တူမလေးတစ်ယောက်တောင် တိုးပွားလာနေပြီ’

‘ဟုတ်လား.... အချိန်ရမှ ပဲ တောင်ကြီးသွားလည်တော့မယ်၊ ဖေဖေပြန်လာရင် ဝမ်းအသာရဆုံးစကားနဲ့ သာ ကြိုလိုက်ပေတော့ မေမေ’

‘အမယ် မိုး.... မေမေ့ကို သင်စရာမလိုပါဘူးနော်၊ မေမေသိပါတယ်၊ ဟင်း.... ဟင်း.... မြန်မြန်သာ လာခဲ့နော်သား’

‘စိတ်ချပါမေမေ’

မိုးမိခင်နှင့် ဖုန်းဆက်ပြီးနောက် သုံးရက်အကြာ၌ စစ်ကိုင်းသို့ လိုက်သွားခဲ့သည် ။

မိဘများ နှင့် အတူ စစ်ကိုင်း၊ မန္တလေး၊ မုံရွာ၊ ရွှေဘိုတို့ ကို လည်ပတ်ရင်းဖြင့် ဆယ်ရက်ခန့်နေပြီး ရန်ကုန်ပြန်ခဲ့သည် ။

ရန်ကုန်ပြန်ခဲ့သော မိုးအား မိဘများက ခေါင်းထဲသို့ အတွေးသစ်တစ်ခု ထည့်ပေး လိုက်လေသည် ။

‘သားအတွက်က ငွေကြေးဥစ္စာ ပြည့်စုံ လာပြီဆိုတော့ သား ပင်ပင်ပန်းပန်း ရှာဖွေခဲ့ရသမျှ ဥစ္စာစည်းစိမ်ကို မဖိတ်မစင်အောင် စီးတဲ့ ရေ ဆယ်တဲ့ ကန်သင်းဆိုသလို သိမ်းဆည်းထိန်းသိမ်းပေးမယ့် အိမ်ရှင်မကော

င်း တစ်ယောက်တော့ လိုအပ်နေပြီ မိုး’

‘ဟာ ဖေဖေကလည်း မိုး အိမ်ထောင်မပြုချင်သေးဘူး’

‘မိုးက မပြုချင်သေးပေမယ့် မေမေတို့ မှာ ဝတ္တရားရှိတယ်’

မိခင်နှင့် ဖခင်က အတိုင်အဖောက် ညီညီနှင့် သူ့အား နားသွင်းနေလေသည်။

‘ဟုတ်တယ်.... ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့ တာ၊ ဆိုသလို ဖေဖေတို့ ရဲ့ နောက်ဆုံး မိဘဝတ္တရားကို ကျေပွန်ချင်သေးတယ်သား၊ ဒါမှ မဟုတ် ဖေဖေတို့ သဘောကျသင့်တော်တဲ့ သူနဲ့ ပဲ စီစဉ်ပေးရမလားဆိုတာ’

‘ဒါတော့ သည်းခံစောင့်ဆိုင်းပါဦး ဖေဖေ၊ မိုး ချစ်သူကို ရှာပါရစေဦး’

‘မိုးချစ်သူကို ရှာဖွေလို့ မတွေ့တော့ဘူး ဆိုရင်ကောကွယ်’

‘ဟင်း’

မိုး သက်ပြင်းချလိုက်သည်။ ထိုအတွေးဆိုးများ သည် မိုး၏ အာရုံကို တစ်ခါမှ မကြီးစိုးခဲ့ဘူးပါချေ။

မိုး မတွေ့တွေ့အောင် ရှာမယ်၊ မိုးက လက်လျှော့လိုက်ပါပြီဆိုတဲ့ အချိန်ရောက်ရင် မေမေနဲ့ ဖေဖေ့ သဘောပါပဲ’

‘ဟေ.... ဒါတော့ မရဘူး ကိုရွှေမိုး၊ ဆံဖြူသွားကြွေမှ လက်လျှော့ပါပြီဆိုတာမျိုး မေမေတို့ မလိုချင်ဘူး၊ ကာလအပိုင်းအခြား သတ်မှတ်ချက် တစ်ခုတော့ လိုအပ်ပြီ’

မိုး လက်လျှော့လိုက်ရပြီ။

‘တစ်နှစ်၊ နှစ်နှစ် အလွန်ဆုံးပါပဲ’

‘ကောင်းပြီ၊ ကတိတည်စေနော် သား၊ ဒီကြားထဲတော့ ချွေးမရှာတဲ့ အလုပ်တစ်ခု၊ မေမေ ရလိုက်ပြီလို့ မှတ်ထားလိုက်မယ်နော်’

မိုး ဘာမှ မပြောသာတော့၊ ချီပြီးတုတ်ပြီးသား စကားများ ဖြင့် မိုး ခေါင်းထဲသို့ အတွေးတစ်ရပ် ထည့်ပေးလိုက်သည် ။

သို့နှင့် မိုး ရန်ကုန်ပြန်ရောက်ပြီး ကျောက်ကုန်းအိမ်တွင် အိမ်စောင့် အဘိုးကြီးနှင့် အတူ နှစ်ယောက်တည်းနေသည် ။

ရောက်တုန်းရောက်ခိုက် အပြောင်းလွဲကြီး ပြောင်းလွဲနေသော မြို့ တော်ရန်ကုန်အနှံ့ လျှောက်သွားသည် ။

နိုင်ငံခြားတွင် အလွန် ရှားပါးသော ခရမ်းချဉ်သီး၊ မာလကာသီး၊ ငှ က်ပျောသီးတို့ ကို အတိုးချကာ နေ့စဉ် စားသုံးခဲ့သည် ။

မိုး ကြိုက်သွားသည် က လက်တွန်းလှည်းလေးဖြင့် ရောင်းသော မာ လကာသီး ပွပွ၊ ကျွတ်ကျွတ်ကြီးများကို သွေးထားသော ယောက်သွားခွံ ကလေးဖြင့် ခွာပေးပြီး ရေဆေး၊ လေးစိပ်စိတ်၊ ထို့နောက် နွယ်ချိုမှုန့်၊ ဆားမှုန့်၊ ငရုတ်သီးမှုန့်များ ဖြင့် ရောပြီးသမထားသည့် အမှုန့်များကို ဖြူး ပေးလိုက်သည် ။ မာလကာသီးကို ဒီအတိုင်းစားရသည် ထက်ပင် အရ သာရှိသည် ။

သို့နှင့် ရန်ကုန်ပြန်ရောက်ပြီး နှစ်ပတ်ခန့် အကြာ၌ သူ၏ ဝမ်းဗိုက်သ ည် မခံမရပ်နိုင်အောင် နာကျင်လာသည် ။

အိမ်နီးနားချင်း ဆရာဝန်တစ်ဦးက အူအတက်ရောင်ရောဂါဟု ဆို ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ချက်ချင်းလိုက်ပို့ပေးခဲ့သည် ။

ခွဲစိတ်ခန်း၌ မေ့ဆေးဆရာဝန်က မေ့ဆေးပေးပြီး သူ့အားမေးခွန်းများ စွာဖြင့် မေးမြန်းသည် ကို သူ ဝိုးတဝါး မှတ်မိလာပြ

န်သည်။

'မာလကာသီး ကြိုက်သလား'

'ကြိုက်တယ်'

'တစ်နေ့ ဘယ်နှစ်လုံးလောက် စားသလဲ'

'တစ်လုံးနှစ်လုံး၊ တစ်ခါတစ်ရံ သုံးလုံး'

'အစေ့တွေ ထွေးထုတ်သလား၊ မျိုချသလား'

'ဝါးစားတယ်'

'အဲဒီ မညက်တဲ့ မာလကာသီး အစေ့လေးတွေက အခန့်မသင့်ရင် အူတက်ထဲကို ဝင်သွားပြီး အူအတက်ရောင်စေတတ်တယ်လို့ ပေးရှင့် မသိဘူးလား'

'မသိပါဘူး'

'ထားပါတော့၊ ခုလို မာလကာသီးပေါ်ချိန်မျိုးမှာ အူအတက်ရောင်ရောဂါတွေ အဖြစ်များ တတ်ကြတယ်'

'ဟုတ်ကဲ့'

'ဒါထက် ပေးရှင့်မှာ အိမ်ထောင်ရှိသလား'

'မရှိပါဘူး'

'ရည်းစားကော'

'ရှိ'

'ဘယ်နှစ်ယောက်ရှိသလဲ'

'..... ... ....'

ထိုမေးခွန်းကို သူ ဖြေမိသလား၊ မဖြေမိသလားကို မမှတ်မိတော့၊ နှုတ်ခမ်းလည်း လှုပ်၍ မရဘဲ လေးလံကာ အိပ်ပျော်ခြင်းသို့ ရောက်သွားခဲ့သည် ကို ပြန်ပြောင်းအမှတ်ရလာသည် ။

ယခုတော့....

'ဟင်း.... ဟင်း.... ဟင်း'

သူ့နှာခေါင်း၊ လည်ချောင်းတို့ ၌ ခိုးလိုးခုလုနှင့် တစ်ဆို့ကြီး ဖြစ်နေသည် ။

'ရေ'

နှုတ်ခမ်းပေါ်သို့ အေးစက်နူးနူးညံ့ညံ့ အရာလေး လာရောက်ထိတွေ့သည် ။ မိုးအငမ်းမရ လျှာကလေးဖြင့် လိမ်းလိုက်မိသည် ။ အင်အားများ ပြည့်လာသည့် နှယ် ခံစားလိုက်ရသည် ။

ခေါင်း၌ ရီတီတီ၊ ယစ်ဝေဝေကတော့ ဖြစ်ပေါ်နေဆဲ။

မျက်ဝန်းပေါ်၌ လေးလံစွာ ဖုံးအုပ်ထားသော မျက်ခွံတံခါးကို တွန်းဖွင့်ရန် ကြိုးစားလိုက်သည် ။

လှုပ်ရှား၍ ရလာသည် ။ သို့သော် စူးခနဲဝင်ရောက်လာသော အလင်းတန်းကြောင့် ချက်ချင်း မျက်ဝန်းတံခါး ပြန်ပိတ်လိုက်သည် ။

စက္ကန့်အပိုင်းအခြား အကြာ၌ မျက်လုံးပြန်ဖွင့်လိုက်သည် ။

အလင်းဖျော့သွားလေသည် ။ အရာရာသည် ဝေဝါးနေလေသည် ။ မျက်ခွံတံခါးကို ဖွင့်လိုက် ပိတ်လိုက် သုံးလေးကြိမ်များ လုပ်ပြီးသောအခါ သူ၏ မြင်ကွင်းသည် သဲကွဲလာသည် ။

မိုး သေမင်းလက်တွင်းမှ ကောင်းမွန်စွာ လွတ်မြောက် လာပြီဟု သိ

လိုက်သည် ။

လေအနောက်၌ လွင့်ပါးပြေးဆော့လိုက်သော ခန်းဆီးစိမ်းပြာရောင်ကလေး၊ သင်းသင်းကလေး မွှေးသော နှင်းဆီရနံ့ ဆေးရနံ့များ ထိုကြားထဲမှ သနပ်ခါးရနံ့လေး….

‘ဟင်…. မသူ’

မိုး၏ အသံထွက်မှုသည် ပီပြင်ချင်မှ ပီပြင်ပေမည်။

‘ဦးမိုးဟိန်း သတိရ လာပြီထင်တယ်၊ စကားမပြောနဲ့ ၊ ပင်ပန်းမယ်၊ နားလိုက်နော်’

မသူ မှ မသူ အစစ်။ သူ အိပ်မက်,မက်ခြင်း မဟုတ်နိုင်ပေ။

‘မသူ’

စကားပြောရသည် မှာ ပင်ပန်းလှသည် ။ နှာခေါင်းပိုက်တန်းလန်းကြောင့် လေသံမျှလောက်ပင်ရှိမည်။ အသံကလည်း မပီပြင်ချေ။

‘မိသားစု ခေါ်ပေးရမလား’

မိုးသည် ပိုက်မတတ်ထားသော လက်ကို အနည်းငယ်မြှောက်ကာ လက်ခါပြလိုက်သည် ။

ဖေဖေနှင့် မေမေ အရမ်းစိတ်ပူကာ အူလျား ဖားလျား ပြေးလာကြလိမ့်မည်။ မိဘများကို သူ ဒုက္ခမပေးချင်ပါ။ အရေးအကြီးဆုံး ဖြစ်သည့် ခွဲစိတ်ခြမ်းကို လွန်မြောက် လာလေပြီပဲ။

‘ကိုင်း…. လူနာရဲ့ ဆန္ဒက အဓိကပါပဲ၊ မခေါ်နဲ့ ဆိုမခေါ်ပါဘူး၊ အားရှိသွားအောင် မျက်လုံးလေးပိတ်ပြီး မှိန်းနေလိုက်ပါ ဦးမိုးဟိန်း’

မိုး မအိပ်ချင်ပါ။ မိုး အိပ်လိုက်တုန်း မသူ ပြန်လည်ပျောက်သွားမှာ စိုးရိမ်သည် ။

သူနာပြု ဆရာမဝတ်စုံလေးနှင့် ကျက်သရေ ရှိနေသော မသူအား မိုးကြည့်၍ မဝပါ။ ရောဂါဖြစ်ရခြင်း၊ ဆေးရုံရောက်ရခြင်းကိုပင် ကျေးဇူးတင်သလိုလို ဖြစ်သွားရသည် ။

'မသူ'

'လူနာက.... သူနာပြုရဲ့ စကားကို နားထောင်ရတယ်.... ပြန်ပြီးအိပ်လိုက်ပါ။ ဩော်... လူနာရဲ့ ဦးလေးကို မေးတယ်ထင်တယ်၊ သူ အိမ်ခဏပြန်ပြီး လူနာအတွက် လိုအပ်တာတွေ သွားယူတယ်'

မိုး၌ မျှော်လင့်ချက်တို့ ကုန်ဆုံးသွားလေပြီလား။ မိုးအပေါ် သူမ၏ ဆက်ဆံမှုက လူနာတစ်ဦးအပေါ် ဆက်ဆံခြင်းနှင့် လုံးဝမပိုချေ။

မသူ အိမ်ထောင်များ ကျသွား၍ လား။

သို့တည်းမဟုတ်

မသူသည် သူ့အပေါ်၌ အမြင် မကြည်မလင် ဖြစ်နေဆဲပဲလား။

အတွေးပေါင်းများ စွာဖြင့် မသူကို ငေးကြည့်နေရင်းမှ မျက်ဝန်းတံခါး၏ လေးလံမှုက သူ၏ အမြင်ကို အနိုင်ယူသွားသည် ။

******

# အခန်း ( ၄ )

နှစ်ရက်ခန့်အကြာ၌ မိုးနှာခေါင်းမှ ပိုက်ဖြုတ်လိုက်သဖြင့် စိတ်ကျဉ်းကျပ်မှု နယ်ပယ်မှ လွတ်မြောက်သွားလေသည် ။

ပို၍ ကျေနပ်သွားသည် က မသူ အနားရောက်လာချိန်နှင့် ကြုံကြိုက်၍ ဖြစ်သည် ။

'အတော်ပဲ.... မမသူ၊ ဝါဝါကိစ္စလေးရှိလို့ ဆယ့်ငါးမိနစ်လောက် စောင့်ပေးနော်'

'ရပါတယ်'

မိုး ထခုန်မတတ် ဝမ်းသာသွားသည် ။ ရေငတ်တုန်း ရေတွင်းထဲသို့ ကျလေပြီ။

'မသူ'

'ဟုတ်ကဲ့ပြောပါ.... ဦးမိုးဟိန်း'

'မိုးအတွက် စပယ်ရှယ်နပ်စ်ကို မသူ လုပ်ပေးလို့ မရဘူးလား'

'ကျွန်မက နေ့တာဝန်ကျတဲ့ သူနာပြုပါ ဦးမိုးဟိန်း။ အဲဒီအဆောင်ရှိ လူနာအားလုံးကို ပြုစုဖို့ တာဝန် ရှိနေတယ်'

'ဒါဖြင့် ညဘက်ကော'

‘ညဘက်ကတော့ ကျွန်မကိုယ်ပိုင် အချိန်ပါ၊ ဒါပေမဲ့ ကျွန်မအနားယူတယ်။ ကျွန်မ အချိန်ပိုအလုပ် မဆင်းပါဘူး’

‘မိုးအတွက် ဆင်းပေးပါလား မသူ၊ မသူ မပင်ပန်းစေရပါဘူး။ မိုးဘာမှ မခိုင်းဘူး၊ မသူ အိပ်နေပေ့ါ’

‘ကျွန်မ အလုပ်ကို အလုပ်နဲ့ တူအောင်ပဲ ထမ်းဆောင်ပါတယ်၊ လူနာအနားမှာ လာအိပ်နေတာမျိုး ကျွန်မ မလုပ်ပါဘူး။ ဒါကြောင့် ကျွန်မကိုယ်ပိုင်အချိန်မှာ ပြည့်ပြည့်ဝဝ နားချင်ပါတယ်’

‘မိုးအတွက် မသူ နားရမယ့်အချိန်ထဲက ဖဲ့မပေးနိုင်ဘူးလား’

‘လူတစ်ယောက်မှာ နားချိန် ရှိသင့်တယ်လို့ ဦးမိုးဟိန်း မယူဆဘူးလား’

‘မိုးနားမှာ နားနေလို့ ရပါတယ်၊ မိုးအတွက်တောင် အပင်ပန်းမခံနိုင်ဘူးလား မသူ’

‘ဦးမိုးဟိန်းအတွက်မှ မဟုတ်ပါဘူး၊ ကျွန်မက ငွေအတွက်သက်သက်တော့ ဘယ်လူနာထံမှာ မှ အပင်ပန်း မခံနိုင်ပါဘူး၊ ဒါပေမဲ့ တာဝန်ပိုင်းချိန်မှာ တော့ ကျွန်မ တာဝန်ကျေတဲ့ လူနာအားလုံးအတွက် ကျွန်မ အပင်ပန်း ခံနိုင်ပါတယ်၊ ဦးမိုးဟိန်း’

လူနာ အမဲခြောက်တောင်းသလို တဖွဖွ တောင်းဆိုနေသော မိုးအပေါ် ငဲ့မှုမရှိဘဲ တစိမ်းပြင်ပြင်ကဲ့သို့ ပြောဆိုဆက်ဆံနေသည့် မသူကို ကြေကွဲစွာ ငေးကြည့်မိသည် ။

မသူက.... သူ့အကြည့်ကို ဥပေက္ခာပြုလျက်....

‘ကျွန်မ ငှားပေးတဲ့ သူနာပြုတွေက မကောင်းလို့ လား’

အိမ်မှ လာရောက်ကြည့်ရှုပေးမယ့် အိမ်သားအစောင့်များ မရှိဆိုတော့ မိုးအတွက် မသူနှင့် မေထရွန်ကြီးတို့ က စီစဉ်ပေးကာ နေ့ည အထူးသူနာပြုဆရာမများကို ငှားပေးခဲ့သည် ။ မိုး၏ အိမ်စောင့်အဘိုးကြီးက မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်လာကာ မိုးအတွက် လိုအပ်သော အဝတ်အစားများကို လဲလှယ်ပေးခြင်း၊ ရေနွေးလဲလှယ်ပေးခြင်း၊ အစားအသောက်များ ဝယ်ပို့ပေးခြင်း၊ ဆေးများ လိုအပ်လျှင် ဝယ်ပေးခြင်းတို့ ကိုသာ လုပ်ဆောင်ပေးသည် ။

'ခု မသူ ဘယ်ရောက်နေသလဲ'

'ဆေးရုံဆိုတာ လူနာရဲ့ ရာဇဝင်၊ ဆရာမတွေက အပြန်အလှန် ဖလှယ်နေတဲ့ နေရာမဟုတ်ပါဘူး၊ ဦးမိုးဟိန်း'

အလွန်အမင်း ရက်စက်မှုနိုင်သော စကားဟု မိုးရင်၌ နာကျင်စွာ သဘောပေါက်လိုက်သည် ။

'ကျွန်မလည်း လူနာရဲ့ ကျန်းမာရေးအတွက် လိုအပ်တဲ့ ကိုယ်ရေးရာဇဝင်ကလွဲလို့ ဘာမှ အပိုမသိချင်ပါဘူး'

မသူက ပြတ်သားနေသည် ။ ဂျင်းစိမ်းနှင့် မိဿလင် သူကြင်မှ ကိုယ်ကြင်မည် ဆိုသော်ငြားလည်း မိုးအနေဖြင့် မသူအပေါ် ဘယ်နည်းနှင့် မှ စိတ်မဆိုးနိုင်၊ ဖွေယူ၍ လည်း မရ၊ ရှစ်နှစ်ဟူသော အတိုင်းအတာကာလကြား၌ ပြောင်းလဲခြင်းတို့ ရှိတော့ ရှိနေနိုင်သည် ။ သို့သော် မသူ၏ ကျစ်လစ် ကျန်းမာရေးကောင်းပုံရတော့ ခန္ဓာကိုယ်လှလှ၌ အဆီပို၊ အသားပို မရှိဘဲ လှပနေသည် ။

မြန်မာဝတ်စုံသည် ကိုယ်လုံးလှသော အမျိုးသမီးများ အတွက် အထူးတီထွင်စရာမလိုသော ဝတ်စုံဖြစ်သည် ဟု မိုးထင်သည် ။ အဘယ်ကြောင့် ဆိုသော် ကိုယ်လုံးအလှကိုပေါ်လွင်စေသော ဝတ်စုံဖြစ်

သောကြောင့် ပင်။

ရင်ဖုံးအဖြူလက်စကနှင့် လုံချည်အပြာဝတ် အထက်တန်းသူနာပြု ဆရာမလေး မသူသည် အလုကျက်သရေကို ဆောင်နေလေသည် ။

မိုးမျက်ဝန်းထဲ၌ မဝအောင်ပင် အေးချမ်းလှပနေသည် ။ မျက်တောင် ခတ်လိုက်လျှင်ပင် မသူပျောက်သွားမှာ စိုးထင့်သဖြင့် မျက်တောင်မခတ် တမ်း ကြည့်နေမိသည် ။

မသူက ငြိမ်သက်နေသော လူနာကို မျက်လုံးဝံ့အကြည့် စူးရဲသော ညို့မျက်လုံးကြီးများ ဖြင့် ဆုံစည်းမိရာ မသူမျက်နှာလေးသည် ပို၍ တင်း မာသွားသည် ။

'မသူ'

'ဟုတ်ကဲ့၊ ပြောပါ'

'ဒေါ်ဒေါ်ကော နေကောင်းရဲ့ လား'

မိုးက မသူ၏ မိခင်ကို အမှတ်တရဖြစ်ကာ မေးလိုက်သည် ။

'ဟုတ်ကဲ့'

'သားကြီးနဲ့ အငယ်လေးကော'

'ရှိပါတယ် ဦးမိုးဟိန်း၊ နားလိုက်ပါဦးနော်၊ ကိုယ်နဲ့ မဆိုင်တဲ့ အပို တွေ လျှောက်မေးမနေပါနဲ့ နားရမယ့်အချိန်မှာ နားလိုက်ပါ'

'မသူ၊ မိုး မနားချင်သေးဘူး'

'တော်တော်ခေါင်းမာတဲ့ လူနာပါလား၊ ဝါဝါကလည်း ကြာလိုက်တာ၊ ဒီလောက် ခေါင်းကြောမာတဲ့ လူနာနဲ့ များ ပစ်ထားရတယ်လို့ '

'မသူက ညည်းညူသလိုလိုနှင့် ပြောလိုက်သည် '

'မိုးအတွက် မလုပ်ပေးချင်လို့ ဝါဝါကို လွှဲချတာလား မသူ၊ မိုးအပေါ်မှာ ဒီလောက်အထိ စိမ်းကားရက်စက်ဖို့ မကောင်းပါဘူး၊ မိုးအတွက် နိုက်စပယ်ရှယ်နာပ်စ် လုပ်ပေးဖို့ ကောင်းပါတယ်'

'ပြောပြီးပါပြီကော၊ ကျွန်မ နားချိန်မှာ နားမှ ၊ တာဝန်ချိန်မှာ အလုပ်, လုပ်နိုင်မယ်၊ ဦးမိုးဟိန်းကိုလည်း ကျွန်မပစ်မထားပါဘူး၊ ဦးမိုးဟိန်းရဲ့ ဒေးနာပ်စ်နဲ့ အတူ ကျွန်မဝိုင်းပြုစုပေးရမယ့် တာဝန်ရှိပါတယ်၊ ဘာကိုမှ မစိုးရိမ်ပါနဲ့ ၊ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ခဲ့ဖူးသူတစ်ဦးကို ပိုပြီးဂရုစိုက်ဖို့ တာဝန်ဝတ္တရားလည်း ကျွန်မမှာ ရှိပါတယ်'

တာဝန်ဝတ္တရားများ ဖြင့် မိုးမွှန်နေသော မသူ စကားကြောင့် မိုးရင်ထဲနာကျင်သွားရပြန်သည် ။ ခွဲစိတ်ထားသောဒဏ်ရာမှ နာကျင်မှုထက် ပိုမိုနာကျင်သော ဝေဒနာတစ်ရပ်ကြောင့် -

'ကျေးဇူးတင်ပါတယ် မသူ၊ တာဝန်တွေ၊ ဝတ္တရားတွေအရ ဆိုရင်တော့ မပြုစုပါနဲ့ တော့ တစ်ခါတည်းသာ သေဆေးထိုးသတ်လိုက်ပါလား မသူ'

မိုးရင်ထဲ မကျေမနပ် ဖြစ်မှုကို ကျွဲမြီးတိုစွာဖြင့် ပြောလိုက်သည် ။ ထိုအခါ မသူကလည်း မဆိုင်းမတွပင်-

'ရှင် သေချင်ပေမယ့် မရဘူး၊ ကျွန်မတို့ သူနာပြုတွေ၊ ဆရာဝန်တွေက လူ့အသက်ကို ကယ်တင်ဖို့ အတတ်ပညာရပ်ကိုပဲ သင်ယူတတ်မြောက်ထားကြတာ၊ သေစေဖို့ အတတ်ပညာ မသင်ယူထားလို့ ဆောရီးပါပဲ ဦးမိုးဟိန်း'

မသူသည် သူ၏ ရင်ကို ငြိမ်းချမ်းသွားစေသောစကားကို ဘယ်သောအခါမှ မဆိုတော့ဘူး ထင်ပါသည် ။

‘မိုးမှာ ဘာအပြစ်ရှိလို့ လဲ မသူ’

‘ဟော.... ဝါဝါ လာပြီ၊ တော်ပါသေးရဲ့ ’

မသူ၏ စကားတို့ သည် မိုးအတွက် ဆိုးရွားသော ဝေဒနာရရှိစေရန် တမင်ရှေ့ရှုနေသလား၊ မိုး သက်ပြင်းချလိုက်မိသည် ။

‘မမသူ ဆောရီး၊ စောင့်ရတာ ကြာသွားလို့ ဝါဝါကို ကျွဲမြီးတိုနေပြီလား’

‘မတိုပါဘူး၊ ဒါပေမဲ့ ဒီလူနာနားမှာ ကြာကြာနေရရင် တို့ တွေ အသက်တိုနိုင်တယ် သိလား’

‘ဟင်.... ဘာဖြစ်လို့ လဲ’

‘အင်မတန် ဂဏှိဂဂျောင်များ တဲ့ လူနာပဲ’

‘အို.... ဦးမိုးဟိန်းက အေးပါတယ်’

မိုးက စိတ်မကောင်းစွာဖြင့် မျက်လုံးမှိတ်ကာ ငြိမ်သက်နေလိုက်သည် ။

ထိုအခါကျမှ မသူက ပြုံးကာ-

‘ကျန်တဲ့ လူတွေ အပေါ်တော့ ဟုတ်မယ်၊ မသူအပေါ်တော့ ဂဏှိဂဂျောင်ကျချင်တယ်၊ သွားမယ်ဝါဝါ၊ ဆေးဝေချိန် ရောက်နေပြီ’

‘ဟုတ်ကဲ့.... မမသူ၊ ကျေးဇူးပဲနော်’

မသူက အပြုံးလေးနှင့် ထွက်ခဲ့သည် ။ မသူ အပြုံးကို မြင်လိုက်ရလျှင် လူနာများက ရောဂါတစ်ဝက် သက်သာသည် ဟု ပြောကြသည် ။ သို့ သော် မသူသည် မိုး၏ အနားရောက်သောခါ မျက်နှာထားသည် တင်းသည် လည်း မဟုတ် ပြုံးသည် လည်း မဟုတ် ပကတိ

အနေအထားအတိုင်းဖြင့် သူ့အား ဆက်ဆံတတ်သည် ။

မိုးတစ်ယောက် ဖောင်စီးရင်း ရေငတ်ရသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့နေရပြီ ထင်ပါသည် ။

မသူအား နေ့စဉ် တွေ့မြင်နေရပါလျက်-

******